# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်အတွက် တနင်္သာရီတိုင်းဒေသကြီး၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေ

## တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ချက်များ

၁။ ငါးကဏ္ဍဆောင်ရွက်မှုများအား အောက်ပါအတိုင်း ဖေါ်ပြအပ်ပါသည် -

(က) တိုင်းဒေသကြီးအတွင်းရှိ ရပ်ကွက်/ ကျေးရွာ (၂၄)ရွာအား လူမှုစီးပွားရေး အခြေအနေ၊ စီးပွားဖြစ် လုပ်ငန်းအလိုက် အိမ်ခြေ လူဦးရေစာရင်း ကောက်ယူနိုင်ခဲ့ပြီး အဆိုပြုလွှာများ ဖြန့်ဝေဆောင်ရွက်နိုင်ခဲ့ပါသည်။

(ခ) ပေါင်းစည်းလယ်ယာ ဆောင်ရွက်ရေး၊ တစ်ရွာထုတ်ကုန်တစ်မျိုး ဆောင်ရွက်ရေး နှင့် လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်း၊ စည်းရုံးခြင်းများကို တိုင်းဒေသကြီး /ခရိုင်/မြို့နယ်ဦးစီးမှူးများမှရပ်ကွက်/ကျေးရွာ(၂၇)ခုတွင်ငါးကဏ္ဍလုပ်သားများ နှင့်တွေ့ဆုံ၍ရှင်းလင်း ချပြခြင်း (၂၇)ကြိမ် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(ဂ) စုဖွဲ့ပြီးသည့်အစုအဖွဲ့များအား သမဝါယမဦးစီးဌာနတွင် မှတ်ပုံတင်နိုင်ရေး စီမံဆောင်ရွက်ခြင်း၊ ပေါင်းစည်းလယ်ယာဖေါ်ဆောင်ရေးအတွက် စည်းရုံးခြင်းနှင့် တပိုင်တနိုင် စီးပွားဖြစ်၊ တစ်ရွာထုတ်ကုန်တစ်မျိုး အစုအဖွဲ့များ တိုးချဲ့ဖွဲ့စည်းနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပါသည်။

(ဃ) တပိုင်တနိုင်စီးပွားဖြစ် လုပ်ငန်းအနေဖြင့် တိုင်း ဒေသကြီးအတွင်းရှိ ရပ်ကွက် / ကျေးရွာ (၁၅)ခုတွင် လုပ်ငန်းအလိုက် ငါးဖမ်း (၂၇)ဖွဲ့ကို လူဦးရေ (၂၂၉)ဦးဖြင့် ဖွဲ့စည်းနိုင်ခဲ့ပါသည်။ နောက်ဆက်တွဲ - (က) ( ခ )

(င) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ အစီအစဉ်ဖြင့် ပေါင်းစည်းလယ်ယာဆောင်ရွက်နိုင်ရေးအတွက် တိုင်းဒေသကြီးအတွင်း (၁)ခရိုင်လျှင် (၁)မြို့နယ် ဆောင်ရွက်သွားနိုင်ရန် စည်းရုံးလျက် ရှိပါသည်။

(စ) တစ်ရွာထုတ်ကုန် တစ်မျိုးအနေဖြင့် ရပ်ကွက် / ကျေးရွာများတွင် အစုအဖွဲ့များ ဖွဲ့စည်း နိုင်ရေး စည်းရုံးဆောင်ရွက်လျက်ရှိပါသည်။

(ဆ) (၁၇-၉-၂၀၁၁)ရက်နေ့၊ (၁၄း၀၀)နာရီတွင် မြိတ်မြို့နယ် လွတ်လွတ်ကျေးရွာ Myanmar MSC Co., Ltd ၌ ရင်းနှီးငွေပေးအပ်ပွဲ အခမ်းအနားနှင့် ပင်လယ်ရေမှော် မွေးမြူသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့် ချေးငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပခဲ့ပါသည်။

၂။ အသားကဏ္ဍဆောင်ရွက်မှုအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဝက်(၅)ဖွဲ့၊ ဆိတ်(၁) ဖွဲ့ ဖွဲ့စည်း နိုင်ခဲ့ပါသည်။ နောက်ဆက်တွဲ(ဂ) ဖြင့်ဖော်ပြအပ်ပါသည်။